CHINA · YUNNAN
HEADLINE
14 - 20 March, 2019 Vol.110
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

ယူနန်၏"အစည်းအဝေးနစ်ရပ်"

# ယူနန်ပြည်နယ်မှာ အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်မှု ပြည်သူလူနေမှုအကျိုးပြု

**အယ်ဒီတာ့အာဘော်–** ဇန်နဝါရီ ၂၉ ရက် ၂၀၁၉ ခုနှစ် ယူနန်ပြည်နယ်မှာ ပထမဆုံးအကြိမ် 'တိုင်းတာဝန်ခံများချာနယ်လမ်းကြောင်း' ကို ဖွင့်လှစ်လိုက်ပါသည်။ ပြည်နယ်အဆင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ၁၁ ဦးသည် အဆိုပါလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလာကြပြီး ယူနန်ပြည်နယ် ၂၀၁၈ ခုနှစ်တွင် ပြည်သူလူနေမှုလုပ်ငန်းနှင့်ပတ်သက်၍ အရေးကြီးသည့် အချက်အလက်များအား သတင်းထောက်၏ မေးမြန်းချက်များကို လက်ခံဖြေကြားပေးကြသည်။ ၂၀၁၈ ခုနှစ်တွင် ယူနန်ပြည်နယ်မှာ ဒေသကုန်ထုတ်လုပ်မှု စုစုပေါင်းတန်ဖိုး ယွမ်ငွေ ၁၇၈၈ ဒသမ ၁၁၂ ဘီလီယံပြီးမြောက်နိုင်ခဲ့ပြီး တူညီချိန်ထက် ၈ ဒသမ ၉ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပါသည်။ တိုးတက်မှုနှုန်းထားသည် တရုတ်တစ်ပြည်လုံး တိုးတက်နှုန်း ၆ ဒသမ ၆ ရာခိုင်နှုန်းထက် ၂ ဒသမ ၃ ရာခိုင်နှုန်းခန့် တိုးမြှင့်နိုင်ခဲ့ပါသည်။ တစ်ပြည်လုံး တတိယနေရာမှာ လိုက်နေပါသည်။ အောက်တွင် ၂၀၁၈ ခုနှစ်အတွင်း ယူနန်ပြည်နယ် ပြည်သူလူနေမှုဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အရေးပါသည့်စကားလုံး(Keyword)များကို တင်ပြသွားမည်ဖြစ်ပါသည်။

### 'အစိမ်းရောင်အစားအစာ ကုန်အမှတ်တံဆိပ်'

၂၀၁၉ ခုနှစ်တွင် ယူနန်ပြည်နယ်သည် 'လုပ်ငန်းကြီး+ပလက်ဖောင်းသစ်+ပင်မသစ်' ဟူသော တည်ဆောက်ရေး အတွေးအမြင်ပုံစံဖြင့် ပေါ်လစီအထောက်အပံ့၊ အရည်အသွေးစံချိန်စံညွှန်း၊ လုံခြုံရေးနောက်ယောင်ခံခြင်း စသည့် စနစ်များကို တစ်ဆင့်တိုးမြှင့်ပြီး အကောင်အထည် ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ အင်အားတောင့်တင်းသောလုပ်ငန်းများကို ဆက်လက်ဆွဲဆောင်ခေါ်ဝင်ကာ ပင်မအသစ်များကိုပြုစုပျိုးထောင်ရင်း အမှတ်တံဆိပ်အုပ်စုများကို တည်ဆောက်သွားကြမည်ဖြစ်ပါသည်။ အသက်ဝင်သော ကြော်ငြာလုပ်ငန်းများ၊ ပြခန်းပြပွဲပုံစံများ၊ ဈေးကွက်ချဲ့ထွင်ရေး စသည့် ဆောင်ရွက်ပုံနည်းလမ်းများဖြင့် သိပ္ပံနည်းပညာ တည်ဆောက်ရေး၊ ရောင်းဝယ်ဖောက်ကားမှု၊ မှတ်ပုံတင်အသိအမှတ်ပြုမှု စသည့် စင်မြင့်ပလက်ဖောင်းများကို တည်ဆောက်သွားကြမည်ဖြစ်သည်။ 'အစိမ်းရောင်အစားအစာ ကုန်အမှတ်တံဆိပ်' ပြည်တွင်းပြည်ပမှာ အကျိုးသက်ရောက်မှုကို ကြိုးပမ်းမြှင့်တင်ကြမည်ဖြစ်ပြီး အရည်အသွေးမြင့် ထူးခြားချက် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ဈေးကွက် ပါဝင်မှုနှုန်းကို ဘက်စုံမြှင့်တင်ကြမည်ဖြစ်ပါသည်။

### တရုတ်နိုင်ငံ၏ အလှပဆုံးပြည်နယ်ဖြစ်အောင် တည်ဆောက်ခြင်း

ယမန်နှစ်အတွင်း ယူနန်ပြည်နယ်၏ လေထုအရည်အသွေးကောင်းမွန်မှု ရက်ပေါင်းနှုန်းသည် ၉၈ ဒသမ ၉ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ခဲ့သဖြင့် နှစ်နှစ်ဆက်တိုက် တရုတ်တစ်ပြည်လုံး တိုင်းနှင့်ပြည်နယ်(မြို့၊ဒေသ) အတွင်း ပထမအဆင့်တွင် ရှိနေပါသည်။ ယခုနှစ်မှာ ယူနန်ပြည်နယ်သည် စံချိန်အမြင့်ဆုံး၊ စနစ်အတင်းကျပ်ဆုံး၊ ဥပဒေစိုးမိုးရေးအမြင့်မားဆုံး၊ လက်တွေ့အကောင်အထည်ဖော်မှု အကျဆုံး၊ ပတ်ဝန်းကျင်အကောင်းဆုံး စသည်များဖြင့် ယူနန်ပြည်နယ်အား တရုတ်နိုင်ငံ၏ အလှပဆုံးပြည်နယ်၊ တစ်ပြည်လုံး၏ ဇီဝဂေဟယဉ်ကျေးမှု အကောင်းဆုံးပြည်နယ် ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။




### 'လက်ကိုင်ဖုန်းတစ်လုံးဖြင့် အရာရာပြီးမြောက်နိုင်ခြင်း'

'လက်ကိုင်ဖုန်းတစ်လုံးဖြင့် အရာရာပြီးမြောက်နိုင်ခြင်း' ပလက်ဖောင်းစင်မြင့်ကို မှီခိုပြီး ယူနန်ပြည်နယ်သည် ဇန်နဝါရီ ၁၀ ရက်မှာ 'ကျွန်တော် အလုပ်ရှာလိုသည်၊ ကျွန်တော် လူမှုအာမခံလုပ်လိုသည်' စသည့် ခေါင်းစဉ်နှစ်ခု လုပ်ဆောင်ချက် ၁၄ ရပ်ပါ အကြောင်းအရာများ အွန်လိုင်းပေါ်စတင်တွန်းပို့ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။ လက်ရှိအချိန်အထိ အင်တာနက်ပေါ် မေးမြန်းခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းများ အကြိမ်ပေါင်း ၁ ဒသမ ၂၅ သိန်းခန့် ရှိခဲ့ပါကြောင်း သိရပါသည်။ အနာဂတ်တွင် လူထုလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ရသော အခက်အခဲများကို ရည်ရွယ်ပြီး 'အင်တာနက်စာရင်းရှင်းတမ်း'များကို ပြုစုထုတ်ပြန်သွားမည်ဖြစ်သည်။ 'လက်ဖဝါးပေါ် ဆောင်ရွက်၊ လက်ညှိုးဖြင့်ဆောင်ရွက်၊ အချိန်မရွေးဆောင်ရွက်' စသည့် လုပ်ငန်းဝန်ဆောင်မှုများကို ပိုမိုတွန်းပို့လုပ်ဆောင်ကြမည်ဖြစ်သည်။

### ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ပုံစံပြောင်းခြင်း

ယမန်နှစ်မှာ ယူနန်ပြည်နယ်သည် ခရီးသွားလုပ်ငန်း အဆင့်မြင့်ပုံစံ ပြောင်းလဲခြင်းအပေါ် ကိစ္စရပ်သုံးခု ဆောင်ရွက်ခဲ့ပါကြောင်း သိရပါသည်။ ပထမအချက်မှာ ခရီးသွားလုပ်ငန်းဈေးကွက် ဘက်စုံပြုပြင်ပြောင်းလဲခြင်း လုပ်ဆောင်ခဲ့ကာ လုပ်ထုံးလုပ်နည်း ၂၂ ခု ထုတ်ပြန်နိုင်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းများ ယုံကြည်မှုဆိုင်ရာစနစ် တည်ဆောက်ရေးကို တက်ကြွစွာ တွန်းပို့ဆောင်ရွက်မည်ဖြစ်သည်။ ဒုတိယအချက်မှာ- လက်ကိုင်ဖုန်းတစ်လုံးဖြင့် ယူနန်လည်ပတ်ခြင်းအစီအစဉ်ကို အွန်လိုင်းပေါ်မှာ လည်ပတ်ဆောင်ရွက်စေမည်ဖြစ်သည်။ DOWNLOAD မှုနှုန်းမှာ ၁ ဒသမ ၅ သန်းကျော် ရှိခဲ့ပြီဖြစ်သည်။ ပရိုဂရမ်အငယ် ၁၁ ခု အတွက် အသုံးပြုမှုပမာဏမှာ ၁၄ သန်း ထိုးဖောက်နိုင်ခဲ့ပြီဖြစ်သည်။ တတိယအချက်မှာ 'ခရီးသွားတော်လှန်ရေး'ကို လက်တွေ့အကောင်အထည်ဖော်ဆောင်မည်ဖြစ်သည်။ ကောင်းမွန်သော ဈေးကွက်စည်းကမ်းများကို ပြန်လည်တည်ဆောက်ကြမည်။ ခရီးသွားယုံကြည်မှုစနစ်ကို ပြန်လည်တည်ဆောက်ကြမည်။ ခရီးသွားပွဲပိုးနိုင်မှုစွမ်းအားကို မြှင့်တင်ကြမည်။ ခရီးသွားစီမံခန့်ခွဲမှုစနစ်ကို ပြီးပြည့်စုံစေမည်။ ပြည်နယ်တစ်ခုလုံး တစ်နှစ်အတွင်း ပြည်တွင်းပြည်ပ ခရီးသွားအရေအတွက်၊ ခရီးသွားစုစုပေါင်းဝင်ငွေ စသည့် စံညွှန်းနှစ်ခုအား တူညီသောအချိန်ထက် တိုးမြှင့်မှုနှုန်း ၂၀ ရာခိုင်နှုန်းကျော် တိုးမြှင့်စေမည်ဖြစ်ပါသည်။

**အထွေထွေသတင်း**

# တရုတ်–လာအို ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်း အဆင်ပြေစွာတိုးတက်

လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းမှ ၃၀ ကီလိုမီတာ အကွာအဝေးတွင် တည်ရှိသော တရုတ်-လာအို ရထားလမ်းလုပ်ငန်းခွင်တွင် ကြီးမားသော တံတားတပ်စက်ယန္တရားများ ဖြည်းညင်းစွာရွေ့လျားသည်နှင့်အတူ အလျား ၃၂ မီတာ၊ အလေးချိန် ၁၄၀ တန်ချိန်ကျော်ရှိသော T ပုံသဏ္ဌာန် တံတားဘောင်တစ်ခုသည် နမ်ခေါနေ့ဟောထက် တံတားတိုင်ကြီးပေါ်သို့ တည်ငြိမ်စွာ ချထားပေးလိုက်ပါတော့သည်။

နမ်ခေါနေ့ဟောထက်တံတားကြီးသည် စုစုပေါင်းအရှည် ၇၅၀၆ မီတာ အရှည်ရှိပါသည်။ လာအိုသမိုင်းပေါ်မှာ အရှည်ဆုံးသော တံတားကြီးဖြစ်ပါသည်။ ဖေဖော်ဝါရီ ၉ ရက်နေ့တွင် တံတားတည်ဆောက်ရေးလုပ်ငန်း စတင်ခဲ့ပါသည်။ ပျမ်းမျှတစ်ရက်ကို လိုဏ်ဂူပေါက်နှစ်ခုနှုန်းဖြင့် ရှေ့ကိုတိုးတက်နေခြင်းဖြစ်သည်။ ယခုနှစ် မေလလကုန်ပိုင်းတွင် တံတားတစ်ခုလုံး ဘောင်တပ်ဆင်ရေးလုပ်ငန်းပြီးစီးရန် လျာထားပါသည်။

လာအိုနိုင်ငံသည် တောတောင်ပေါများသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ တရုတ်-လာအို ရထားလမ်း၏ စုစုပေါင်းမိုင်တိုင်ခရီးအတွင်း တံတားအရှည်မှာ ၆၂ ကီလိုမီတာ၊ လိုဏ်ဂူအရှည် ၁၉၈ ကီလိုမီတာ၊ နှစ်ခုပေါင်းအရှည်သည် စုစုပေါင်းမိုင်တိုင်အရှည်၏ ၆၂ ဒသမ ၇ ရာခိုင်နှုန်းခန့် ပါဝင်နေပါသည်။ 'တရုတ်-လာအို ရထားလမ်းသည် ခင်းထားခြင်း မဟုတ်ပါ။ တံတားဖောက်ထားခြင်း၊ တောင်တူးထားခြင်းသာဖြစ်သည်'ဟူ၍ ဒေသခံများက ပြောကြားသွားပါသည်။

"မီတာ ၉၀၂၀ ရှည်သော ခုံလန်းရွာ လိုဏ်ဂူ၊ ၉၃၁၀ မီတာရှည်သော နာ့ခေါ်ရွာ လိုဏ်ဂူ၊ ၁၆၅၁ မီတာရှည်သော မီတယ်ပန်းနားဟန့်မဲခေါင်မြစ်တံတားကြီး၊ ၁၄၅၉ မီတာရှိသော လန်ပူလန်ပန်းမဲခေါင်မြစ် ဧရာမတံတားကြီး၊ တရုတ်-လာအိုရထားလမ်းကုမ္ပဏီလီမိတက် အင်ဂျင်နီယာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် စုန့်ကုံးပေါက သတင်းထောက်များထံ တရုတ်-လာအို ရထားလမ်း၏ အရေးပါသော လုပ်ငန်းခွင်များ၏စာရင်းကို ရွတ်ဖတ်သွားပါသည်။ 'တရုတ်-လာအို ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်း စတင်ကတည်းက လုပ်ငန်းအတော်များများသည် လာအို၏ သမိုင်းတင်သောလုပ်ငန်းများ ဖြစ်သွားကြပါသည်။

တရုတ်-လာအိုရထားလမ်း ဆောက်လုပ်ရေးလုပ်ငန်းစဉ်အတွင်း ပြုပြင်အသစ်တည်ဆောက်သောလမ်းပေါင်း ၁၁၀၀ ကီလိုမီတာ၊ ပြုပြင်တည်ဆောက်ပေးခဲ့သော လူနေအိမ်ပေါင်း ၂ ဒသမ ၇၁ သောင်း စတုရန်းမီတာ၊ လှူဒါန်းဆောက်လုပ်ပေးခဲ့သော စာသင်ကျောင်းတန်ဖိုးငွေပေါင်း တရုတ်ယွမ်ငွေ ၈ သိန်းကျော် ရှိခဲ့ပါကြောင်း သိရပါသည်။ စီမံကိန်းတာဝန်ရှိသူက ပြောကြားသွားသည်မှာ "ကျွန်တော်တို့ရဲ့ ပန်းတိုင်မှာ 'အခြေခံအဆောက်အအုံချိတ်ဆက်ရေး'ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ပြီး 'ပြည်သူလူထု နှလုံးသားချိတ်ဆက်ရေးကို' အစွမ်းကုန်ဆောင်ရွက်ကာ တရုတ်-လာအို ရထားလမ်းကြီးကို ချမ်းသာသောလမ်းကြီးဖြစ်လာအောင် တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။"

၂၀၁၉ ခုနှစ် တရုတ်-လာအိုရထားလမ်း ဆောက်လုပ်ရေးလုပ်ငန်းသည် အနိုင်ယူရတော့မည့်အချိန်ကာလသို့ရောက်ရှိနေပါတော့သည်။ လူဦးရေ ၁ ဒသမ ၇ သောင်းရှိသော တရုတ်-လာအို ရထားလမ်းဆောက်လုပ်သူများသည် လာအိုနိုင်ငံ၏ တောကြီးတောင်နက်အတွင်း ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်နေကြကာ တရုတ်-လာအို ချစ်ကြည်ရေးအကြောင်းကို ဆက်လက်ရေးဖွဲ့လျက် ရှိနေကြပါသည်။ "ကျွန်တော်တို့က စမှတ်မြင့်မားခြင်း၊ စံချိန်မြင့်မားခြင်း၊ အရည်အသွေးမြင့်မားခြင်း၊ အဆင့်အတန်းမြင့်မားခြင်း စတာတို့နဲ့ တရုတ်-လာအိုရထားလမ်းကိုတည်ဆောက်နေကြပါတယ်။ ၂၀၂၁ ခုနှစ်မှာ ရထားလမ်းတစ်ခုလုံး လမ်းပေါက်သွားနိုင်ဖို့ အာမခံချက်ပေးထားပါတယ်။ စီမံကိန်းတာဝန်ရှိသူက ယုံကြည်စိတ်ပြင်းပြစွာနှင့် ပြောကြားသွားပါသည်။

### သတင်းချိတ်ဆက်မှုလင့်ခ် –

လာအိုသည် တရုတ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ ငါးနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိနေပါသည်။ ယင်း၏ ၈၀ ရာခိုင်နှုန်းသော ပိုင်နက်မြေဧရိယာသည် တောင်ပေါ်ဒေသနှင့် တောင်တန်းများဖြစ်နေပါသည်။ တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီး 'ကုန်းတွင်းပိတ်နိုင်ငံ'မှ 'ကုန်းချင်းဆက်နိုင်ငံ'အဖြစ်သို့ ထိုးဖောက်ကူးပြောင်းသွားခြင်းမှာ လာအိုနိုင်ငံ ဖွံ့ဖြိုးမှု၏ပန်းတိုင်ပင်ဖြစ်သည်။ မြောက်ဘက်တွင် လာအိုမော်တင်မှစ၍ တောင်ဘက် ဗီယက်ကျန်းမြို့အထိ စုစုပေါင်းအရှည် ၄၁၄ ဒသမ ၃၃၂ ကီလိုမီတာအရှည်ရှိကာ လမ်းတစ်လျှောက်လုံး တရုတ်နည်းပညာ စံချိန်စံညွှန်း၊ တရုတ်စက်ပစ္စည်းများကို အသုံးပြုထားပါသည်။ ဒီဇိုင်းဆွဲထားသော တစ်နာရီအရှိန်နှုန်းမှာ ၁၆၀ ကီလိုမီတာရှိသော တရုတ်-လာအို ရထားလမ်းသည် အခက်အခဲများကို ကျော်လွှားနိုင်မည့် သော့ချက်ပင်ဖြစ်နေပါတော့သည်။

ယခုလက်ရှိ အချိန်အပိုင်းအခြားမှာပင် တရုတ်-လာအို ရထားလမ်းသည် ဒေသခံအတွင်း ဆောက်လုပ်ရေးပစ္စည်းပံ့ပိုးမှု၊ လျှပ်စစ်စွမ်းအင်၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်စည်စီးဆင်းမှုစသည့် လုပ်ငန်းများ ဖွံ့ဖြိုးမှုကို တိုက်ရိုက်ဆွဲဆောင်နေပြီဖြစ်သည်။ မပြည့်စုံသော စာရင်းဇယားများအရ လက်ရှိအချိန်မှာ တရုတ်-လာအို ရထားလမ်းတစ်လျှောက်လုံး ဆောက်လုပ်ရေးလုပ်ငန်းအတွင်း လာအိုလုပ်သားပေါင်း ၃ ဒသမ ၂ သောင်းကို အလုပ်ခန့်ထားခဲ့ပြီဖြစ်သည်။ လက်ရှိလုပ်ငန်းခွင်အတွင်း လာအိုနိုင်ငံသား လုပ်သားပေါင်း ၄၃၀၀ ရှိနေရာ လမ်းတစ်လျှောက်လုံး၏ အလုပ်အကိုင်အခွင့်အလမ်းပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့ပြီဖြစ်သည်။

အနာဂတ်မှာ တရုတ်-လာအို ရထားလမ်းသည် မြောက်ဘက်၌ တရုတ်နိုင်ငံနှင့် ဆက်သွယ်လျက်ရှိနေပြီး အရှေ့တောင်အာရှကျွန်းဆွယ်၏ တောင်မြောက်သွေးကြော၏ အရေးပါသော အစိတ်အပိုင်း ဖြစ်နေပါတော့သည်။ လာအိုနိုင်ငံ၏ ကုန်လမ်းပိတ်နေသော လမ်းပန်းဆက်သွယ်ရေးပြဿနာကို ဖြေရှင်းပေးနိုင်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏လမ်းကြောင်းပင် ဖြစ်နေပါတော့သည်။

**အထွေထွေသတင်း**



အသံ

# ‘တရုတ်နည်းလမ်း’ဖြင့် ‘ကမ္ဘာ့မေးခွန်း’များကို ဖြေကြည့်ခြင်း

အမှောင်ကို ဖယ်ရှား၊ အခြေအနေ အရပ်ရပ်ကို သိကျွမ်းသော အသိဉာဏ် တစ်မျိုး ရှိသည်။

အခက်အခဲများကို မကြောက်မရွံ့ဘဲ အားသွန်ခွန်စိုက် ကြိုးပမ်းနေသော သတိ တစ်မျိုး ရှိသည်။

အတားအဆီးများကို ကျော်လွှားပြီး ပြဿနာများကို ဖြေရှင်းနိုင်သော စွမ်းအင် တစ်မျိုးရှိသည်။

လူသားအားလုံး၏အနာဂတ်ကို ဖန်တီးခြင်း ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ထမ်းဆောင်ရသော တာဝန်တစ်မျိုးရှိနေသည်။

တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်သည် ၂၀၁၇ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ၏ ဒါးဗို့စ်မြို့နှင့် Geneva မြို့တွင် သမိုင်းတွင်သောမိန့်ခွန်း ပြောကြားခဲ့ပါသည်။ အချိန်ကာလများ ကူးပြောင်းလာသော် ၂၀၁၉ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်ပတ်လည် အစည်းအဝေးတွင် နှစ် ၁၀၀ ကြုံခဲ့သော ပြောင်းလဲမှုများစွာနှင့် ရင်ဆိုင်နေရသော ကမ္ဘာကြီးကို တစ်စိတ်တစ်ပိုင်းမှ အကျိုးပြုနေပါသည်။ စီးပွားရေးအခြေအနေသည် အေးနေခြင်း၊ ပဋိပက္ခများစွာ ဖြစ်ပေါ်နေခြင်း၊ ဂလိုဘယ်လိုက်ဇေးရှင်းအတွက် အတားအဆီးဖြစ်နေခြင်း၊ မတည်ငြိမ်သောအခြေအနေမျိုးစုံ ပေါ်ပေါက်လာနေခြင်း စသည်ဖြင့် များစွာဖြစ်ပွားနေပါသည်။ ကမ္ဘာကြီး ဘာတွေဖြစ်ပျက်နေတာလဲ။ ကျွန်တော်တို့တတွေ ဘယ်လိုလုပ်ကြမှာလဲ။

အရှေ့တိုင်းအသိဉာဏ်များကို စုစည်းထားသော၊ သမိုင်းရေစီးကြောင်းအတိုင်း လျော်ညီစွာ လုပ်ဆောင်နေသော၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းကို အခြေခံသော၊ နိုင်ငံကြီးတာဝန်ကို ပီသစွာထမ်းဆောင်နိုင်သော ‘တရုတ်နည်းလမ်း’သည် ဒါးဗို့စ်တွင် ‘ကမ္ဘာ့မေးခွန်း’များကို သေချာစွာ ဖြေကြားလျက်ရှိနေပါသည်။

## ဂလိုဘယ်လိုက်ဇေးရှင်းကို မည်ကဲ့သို့ဆောက်ရွက်ကြမည်နည်း

‘ဂလိုဘယ်လိုက်ဇေးရှင်း(၄. ၀)။ ။ စတုတ္ထအကြိမ်မြောက် စက်မှုတော်လှန်ရေးစနစ်၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဖွဲ့စည်းပုံ’ကို တည်ဆောက်နေခြင်းဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်ပတ်လည် အစည်းအဝေးတွင် ခေါင်းစဉ်ကို သေချာစွာ သတ်မှတ်ထားပါသည်။ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို သေချာဆွေးနွေးရမည်ဖြစ်သော ခေါင်းစဉ်အဖြစ် သတ်မှတ်ထားပါသည်။

ကျွန်တော်တို့၏နေထိုင်မှုဘဝတွင် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်နေသော ကမ္ဘာကြီးတွင် အဆိုပါဖြစ်စဉ်ကြီးသည် အဟန့်အတားများစွာနှင့် ကြုံတွေ့နေရပါသည်။ ‘ဂလိုဘယ်လိုက်ဇေးရှင်းသည် တိုးတက်မှုကို ဖြစ်စေမည်လား။ ခေတ်နောက်ကျစေမည်လား’ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကျင်းပသွားခဲ့ပါသည်။ ယခုလက်ရှိ ကြုံတွေ့နေရသော ပြဿနာကို သေချာစွာ ဖော်ပြသွားပါသည်။

‘နောက်ဆုတ်ခြင်း’ကို အားပေးကြခြင်း၊ ကိုယ်ကျိုးကာကွယ်ရေးဝါဒ၊ တစ်ဖက်သတ်ဝါဒများကို ကျင့်သုံးကြသူများ ပိုမိုများပြားလာပါသည်။ ထို့အတူ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်း၏ အနှုတ်သဘောဆောင်သော ထိခိုက်မှုများ မည်ကဲ့သို့ဖြေရှင်းရမည်ကို လေ့လာနေဆဲ ဖြစ်သည်။ နည်းပညာအသစ်များ၊ ထုတ်လုပ်မှုလုပ်ငန်းရပ်အသစ်များ၊ လုပ်ငန်းဆောင်တာ ပုံစံသစ်များ၊ စနစ်သစ်များ အဆက်မပြတ် ထွက်ပေါ်လာနေသည့်အတွက် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရပါသည်။

အခက်အခဲများနှင့်ကြုံတွေ့မှသာ စွမ်းအင်ခွန်အား ကြီးမားသောသူကို မြင်တွေ့နိုင်မည်ဖြစ်သည်။ အခြေအနေ မည်ကဲ့သို့ပြောင်းလဲစေကာမူ တရုတ်နိုင်ငံသည် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို မလွဲမသွေ ထောက်ခံနေပါသည်။ ပြောင်းလဲမှုများစွာနှင့် ယှဉ်တွဲနေသော သမိုင်းပြောင်းလဲမှုကြီးနှင့် အလိုက်သင့်အောင် ပြောင်းလဲမှုများ လုပ်ဆောင်နေပါသည်။

“တရုတ်နိုင်ငံသည် ဂလိုဘယ်လိုက်ဇေးရှင်းကို အားပေးခြင်း၊ တစ်ကမ္ဘာလုံးကို ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်အောင် ဦးဆောင်သော လမ်းကြောင်းသည် အလွန်အရေးပါလှသည်” ဟု ဘာရိန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီမုံကျာအော်ဖျင်က ပြောကြားခဲ့ပါသည်။

ဒါးဗို့စ် နှစ်ပတ်လည်အစည်းအဝေးမှ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အပြည်ပြည်ဆိုင်ရာ အကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးဖိုရမ်အထိ၊ ပိုအောင်အာရှဖိုရမ်မှ ပထမအကြိမ်မြောက် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲအထိ၊ ရှန်ဟိုင်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းမှ ကျင်းပသော ချင်တောင်ဖိုရမ်မှ နိုင်ငံ ၂၀ အဖွဲ့ခေါင်းဆောင် ပူရီနိုအိုက်စီ ထိပ်သီးအစည်းအဝေးအထိ. . . သမ္မတ ရှီကျင့်ဖျင်သည် အရေးကြီးသော အစည်းအဝေးများစွာတွင် နိုင်ငံတကာနှင့် အကျိုးများနီးနှောခြင်းအကြောင်းကို ထပ်ခါတလဲ ပြောကြားခဲ့ပါသည်။ ဘုံကံကြမ္မာအကြောင်းနှင့် ဂလိုဘယ်လိုက်ဇေးရှင်း အခြေအနေများကို ပြောကြားခဲ့ပါသည်။ အဆောက်အအုံအမြင့်ပေါ်မှ အရာအားလုံးကို သေချာစွာ ကြည့်မြင့်နိုင်စွမ်း ရှိသည်။ အားအင်ပိုမိုရှိပါသည်။ တရုတ်နိုင်ငံမှ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို ထောက်ပံ့သော ခိုင်မြဲသော ရပ်တည်ချက်ကို လူအားလုံးသိအောင် သတင်းများ ထုတ်လွှင့်ပေးပြီး ကမ္ဘာ့အတွက် ယုံကြည်ချက်များကို ထည့်သွင်းပေးနေပါသည်။

IHS မာကြီထက်ကုမ္ပဏီမှ အကြီးတန်း စီးပွားရေးပညာရှင် ပေလာဝေစိန်သည် ဒါးဗို့စ်တွင် သမ္မတရှီကျင့်ဖျင် ပြောကြားသော မိန့်ခွန်းကို ကိုယ်တိုင်နားထောင်ခဲ့ပါသည်။ ယခုအချိန်အခါတွင် သမ္မတရှီကျင့်ဖျင်မှ ဒါးဗို့စ်တွင် ဂလိုဘယ်လိုက်ဇေးရှင်းကို ထောက်ခံပါသည်ဟူသောသတင်းကို ထုတ်ပြန်ပေးခဲ့ခြင်းသည် အလွန်အဖိုးတန်လွန်းသည်ဟု သူက သတင်းထောက်အား ထိုကဲ့သို့ ပြောကြားခဲ့ပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်းသည် ‘ထက်မြက်သော ဓားသွားနှစ်ဖက်’နှင့် တူပါသည်ဟု ရှီကျင့်ဖျင်သည် ဒါးဗို့စ်တွင် ၎င်း၏နှုတ်




သဘောဆောင်သော ထိခိုက်မှုများကို တိကျစွာ ဖော်ထုတ်ခဲ့ဖူးပါသည်။ တိုးတက်မှုအလိုက်ခွဲဝေခြင်းကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်အားများ၊ အကျိုးဖြစ်ထွန်းမှုနှင့် တရားမျှတခြင်း ပဋိပက္ခများ စသည့်အကြောင်းရင်းများသည် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်းကို သင့်တင့်လျော်ညီသောအမြင်ဖြင့် ဝေဖန်နိုင်အောင် ခေါ်ဆောင်နေပါသည်။ ကမ္ဘာတစ်ခုလုံးကို ကောင်းကျိုးဆောင်သော၊ မကောင်းမှုများ ရှောင်ရှားနိုင်သော လမ်းကြောင်းအသစ်များကို ဖော်ထုတ်နိုင်အောင် ဦးဆောင်နေပါသည်။

စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်သော၊ ကွဲပြားခြားနားမှုများကို လက်ခံနိုင်သော၊ လူအများကျင့်သုံးနိုင်သော၊ တန်းတူညီမျှသော၊ အတူတကွ အကျိုးဖြစ်ထွန်းစေသော လမ်းကြောင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ကမ္ဘာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေသော ရလဒ်ကို နိုင်ငံအသီးသီး ပြည်သူလူထုအားလုံးထံ မျှဝေခံစားစေနိုင်မည်ဖြစ်သည်ဟု သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့ပါသည်။

သမ္မတရှီကျင့်ဖျင်ထုတ်ဖော်သော တရုတ်စီမံကိန်းသည် အဆိုပါအကြိမ်မြောက် ဒါးဗို့စ်နှစ်ပတ်လည်အစည်းအဝေးတွင် တရုတ်နိုင်ငံနိုင်ငံတော်ဒုသမ္မတ ဝမ်ချီစန်က ပွဲတက်ရောက်သော နိုင်ငံအသီးသီးမှ လူကြီးများကို သေချာစွာ ရှင်းလင်းပေးခဲ့ပါသည်။ ကိတ်မုန့်ကြီးလုပ်နေချိန်တွင် ကိတ်မုန့်ခွဲဝေသော နည်းလမ်းကိုလည်း ရှာဖွေနေပါသည်။ နားနေ၍ မရပါ။ ကိတ်မုန့်ခွဲဝေသည့်ကိစ္စရပ်တွင် အငြင်းပွားမှုများစွာ ဖြစ်ပေါ်နေပါသည်။ ပြဿနာဖြစ်ပေါ်သောအကြောင်းရင်းကို တခြားသူအား အပြစ်တင်၍လည်း မရပါ။ ထို့အတူ ဖွဲ့စည်းတည်ဆောက်ပုံ ပြုပြင်ပြောင်းလဲခြင်းများကို အားစိုက်ဆောင်ရွက်ရပါမည်။ တရားမျှတခြင်းနှင့် အကျိုးဖြစ်ထွန်းခြင်းအကြား ဆက်စပ်မှုကို ကောင်းမွန်စွာ ကိုင်တွယ်တတ်ရပါမည်။ ဝင်ငွေများ ပျမ်းမျှစွာ ဝင်စေခြင်းအတွက် အကျိုးရှိသောပေါ်လစီကို ထုတ်ဖော်လုပ်ဆောင်ကြရမည်။ နည်းပညာအသစ်များ ထွက်ပေါ်လာခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများကြောင့် အချို့ဒေသများနှင့် လုပ်ငန်းများတွင် ဖြစ်ပေါ်သော ပဋိပက္ခများအတွက် ဖြေရှင်းနည်းလမ်းများကို ပြင်ဆင်ထားရပါမည်။ သို့မှသာ ပြည်သူလူထုများက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအကြားတွင် အကျိုးများကို ခံစားရမည်ဖြစ်သည်။

လုပ်ဆောင်မှုသည် ပြောဆိုသည်ထက်သာပါသည်။ အပြောနှင့်အလုပ်သည် တစ်သားတည်း ဖြစ်ပါသည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးစနစ်ကြီးကိုပိုင်ဆိုင်သော နိုင်ငံအနေဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းလုံး၏ စီးပွားရေးဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းအတွက် စီမံကိန်းများကို ထုတ်ဖော်ပေးသည်သာမက လက်တွေ့အကောင်အထည်ဖော်ဆောင်နေပါသည်။ တည်ငြိမ်စွာ ဆောင်ရွက်ပြီး တိုးတက်မှုများရအောင် ကြိုးပမ်းလျက်ရှိနေပါသည်။ ကမ္ဘာ့စီးပွားရေး ဖြစ်ထွန်းရေးအတွက် ကောင်းသောစွမ်းအင်များကို အဆက်မပြတ် ခွန်အားများ စိုက်ထုတ်လျက်ရှိနေပါသည်။




တရုတ်နိုင်ငံသည် စီးပွားရေးအလယ်အလတ် လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးမှုများကို လက်ကိုင်ဆောင်ရွက်နေပါသည်။ ၂၀၁၈ ခုနှစ်တွင် ပြည်တွင်းထုတ်လုပ်မှု စုစုပေါင်းတန်ဖိုးသည် တရုတ်ယွမ်ငွေ ဘီလီယံပေါင်း ၉၀၀၀ ကျော်ကို ပထမဆုံးအကြိမ် ကျော်လွန်ခဲ့ပါသည်။ ဖော်ပြထားသောကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ပါက ယမန်နှစ်ထက် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာလျက်ရှိပြီး ကမ္ဘာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အဆက်မပြတ် အားအင်များကို စိုက်ထုတ်နေလျက်ရှိပါသည်။

စီးပွားရေးကိန်းဂဏန်းများ နောက်ကွယ်တွင် ခေတ်သစ်တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုစနစ်ကြီးကို ကမ္ဘာမှ ပိုမိုဂရုစိုက်လျက်ရှိပါသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမှ ပြောင်းလဲပြုပြင်ခြင်းအထိ တံခါးမကြီးကို ပိုမိုကြီးအောင်ဖွင့်လှစ်ပေးနေပါသည်။ တီထွင်ဖန်တီးခြင်းမှ ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းများကို ဆက်လက်ကြိုးပမ်းနေပါသည်။ စွမ်းအင်အသစ်ဖြင့် အဟောင်းကို အစားထိုးခြင်းများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်အောင် လုပ်ဆောင်နေပါသည်။

ဘာရိန်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အမှုဆောင်အရာရှိချုပ် လူမိုက်ရှိုက ထိုကဲ့သို့ ယူဆပါသည်။ ကမ္ဘာပေါ်တွင်ရှိသော အခြားနိုင်ငံများအတွက်ဆိုလျှင် တရုတ်နိုင်ငံသည် အခွင့်အလမ်းများနှင့် အနာဂတ်ကို ကိုယ်စားပြုနေပါသည်။ တရုတ်နိုင်ငံတွင် ခေတ်မီသောနည်းပညာအသစ်များ ရှိသည်သာမက ထိုနည်းပညာများကို အသုံးပြုပြီး ကွဲပြားခြားနားမှုများကို ပေါင်းစုပြီး တိုးတက်ဖွံ့ဖြိုးမှုများရရှိအောင် လုပ်ဆောင်နေသော နည်းလမ်းကို ကမ္ဘာအား သရုပ်ပြနေပါသည်။ ‘တရုတ်နိုင်ငံကို စံပြတင်သောအင်အားသည် သိပ္ပံနည်းပညာ ဖြင့် တိုးတက်ဖွံ့ဖြိုးမှုများကို ရရှိအောင် လုပ်ဆောင်လိုသောနိုင်ငံများကို အကျိုးပြုနေပါသည်။’

‘နှစ်နှစ်တာ အချိန်ကာလအတွင်းတွင် တရုတ်နိုင်ငံသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ဘက်ပေါင်းစုံစနစ်ကို အားပေးခြင်းကို ဖော်ပြနေပါသည်’ဟု ကုလသမဂ္ဂ ဂျီနီဗာရုံးခန်းမှ အမှုဆောင်ချုပ် မုလ္လသည် ဒါးဗို့စ်တွင် သတင်းထောက်အား ထိုကဲ့သို့ ပြောကြားခဲ့ပါသည်။ နိုင်ငံကြီးအနေနှင့် တရုတ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ စည်းလုံးစွာ လုပ်ဆောင်နိုင်စွမ်းကို အားစိုက်ဆောင်ရွက်နေပါသည်။ ဖွံ့ဖြိုးတိုးတက်ခြင်း ရည်မှန်းချက်ပန်းတိုင်သို့ သွားရောက်ခြင်းတွင် ဦးဆောင်သောသဘောကို ဖြစ်ထွန်းစေပါသည်။

ကမ္ဘာပေါ်တွင် နှစ် ၁၀၀ ကြုံရခဲသော ပြောင်းလဲမှုကြီးတစ်ရပ်နှင့် ရင်ဆိုင်ရသည့်အခါတွင် ခေတ်သစ်ထဲသို့ ဝင်ရောက်နေသော တရုတ်နိုင်ငံသည် တစ်ကမ္ဘာလုံးအတွက် အသိဉာဏ်များစွာကို ပိုမိုပံ့ပိုးပေးနိုင်ပါသည်။ လူသားတစ်ရပ်လုံး၏ အကျိုးဖြစ်ထွန်းစေရေးအတွက် အားအင်များ ပိုမိုစိုက်ထုတ်ပေးနေရပါသည်။ **ဆင်ဟွာသတင်းဌာန**

# "သမ္မတနိုင်ငံတော်တည်ထောင်ပြီး နှစ်(၇၀)နှစ်ပတ်လည်ပြည့်ခြင်း"

## နှစ်(၇၀)နှစ်ပတ်လည်ကို ဂုဏ်ပြုထောပနာပြုခြင်း

**အမှာစကား။** ။ ၂၀၁၉ ခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီး နှစ်(၇၀) နှစ်ပတ်လည်ပြည့်သောနှစ် ဖြစ်ပါသည်။ ကြွယ်ဝချမ်းသာသော လူမှုရေးအသိုင်းအဝိုင်းတစ်ခုလုံးကို တည်ဆောက်နိုင်သော အရေးပါသောနှစ်တစ်နှစ်လည်း ဖြစ်ပါသည်။



နှစ်ပေါင်း(၇၀)ကျော် အချိန်ကာလအတွင်းတွင် တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးသူများနှင့် အင်အားနည်းသောသူများ စုစည်းထားသောနိုင်ငံတစ်ခုမှ ယခု ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးသော စီးပွားရေးစနစ်ကြီးအဖြစ် လျင်မြန်စွာ ရပ်တည်နိုင်ခဲ့ပါသည်။ နိုင်ငံတော်၏ အထွေထွေအင်အားများ ခုန်ပျံကျော်လွှားမှုမှသည် ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖြစ်ထွန်းနေပါသည်။ နှစ်ပေါင်း ၇၀ အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ဆောက်ခြင်းကတည်းက ဖြစ်ပေါ်လာသော ပြောင်းလဲမှုများစွာကို လေ့လာနိုင်ရန်အတွက် ယခုအပတ်စဉ် စာစောင်မှစတင်ပြီး 'နှစ်(၇၀)နှစ်ပတ်လည်ကို ဂုဏ်ပြုခြင်း'ကော်လံကို ဖွင့်လှစ်လိုက်ပါသည်။

၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ဆောက်ပြီးကတည်းက တရုတ်ပြည်သူလူထု၏ နေထိုင်မှုဘဝအခြေအနေသည် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်လာပါသည်။ ပြည်သူလူထု၏ ဝင်ငွေအခြေအနေ တိုးတက်လာသည်နှင့်အမျှ မြို့ပြကျေးရွာများတွင်နေထိုင်သော ပြည်သူလူထုသည် အခြေခံစားဝတ်နေရေးအတွက် ငွေကြေးသုံးစွဲခြင်းမှ ဖိမ်ခံခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် ငွေကြေးသုံးစွဲခြင်းအဖြစ်သို့ ပြောင်းလဲသွားပါသည်။ အင်ကော်အော်ဂဏန်း (အစားအသောက်အသုံးစရိတ်သည် လူတစ်ဦးချင်းစီ၏ အသုံးစရိတ်စုစုပေါင်းအပေါ် အချိုးပမာဏသည်)များစွာ ကျဆင်းသွားပါသည်။ ပြည်သူလူထု၏သုံးစွဲမှု အရည်အချင်းနှင့် သုံးစွဲမှုဖွဲ့စည်းပုံသည် သိသာစွာ ကောင်းမွန်လာပါသည်။ တရုတ်နိုင်ငံ၏ မြို့ပြနှင့် ကျေးရွာပြည်သူလူထု အင်ကော်အော်ဂဏန်းသည် ၁၉၇၈ ခုနှစ်တွင် ၆၃ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၁၇ ခုနှစ်တွင် ၂၉ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားပါသည်။

ပုံသည် ယခုနှစ် တရုတ်နိုင်ငံ ရိုးရာနှစ်သစ်ကူးပွဲတော်ရက် မတိုင်ခင်တွင် ကျယ်ကျမ်းရိဂူသစ်သီးဝလံဈေးတွင် ဧည့်သည်တော်များ အဆက်မပြတ် လာရောက်ဈေးဝယ်လာသည်ကို တွေ့ရခြင်းဖြစ်သည်။ ဈေးဝယ်သူများစွာ လာရောက်အားပေးသောကြောင့် ကုန်ပစ္စည်းအားလုံးရောင်းကုန်သွားပါသည်။ အလွန်စည်ကားလှပေသည်။

**သတင်းထောက်– ကုံရှမ်မင်**



# ယူနန်ပြည်နယ် Flying Tiger သုတေသနအသင်းသည် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံ ချစ်ကြည်ရေးကို အစဉ်မပျက် ထိန်းသိမ်းသွားမည်ဖြစ်

ယူနန်ပြည်နယ် Flying Tiger သုတေသနအသင်း၏ တတိယအကြိမ် အသင်းသားများ၏ ပထမအကြိမ်မြောက် အစည်းအဝေးကို ယခုရက်ပိုင်းတွင် ယူနန်ကူမင်းမြို့တွင် ကျင်းပခဲ့ပါသည်။ သုတေသနအသင်းသည် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံ နှစ်နိုင်ငံ ပြည်သူလူထု၏ ချစ်ကြည်ရေးကို အစဉ်မပျက်စေရန် ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကောင်းမွန်သောရလဒ်များစွာကို ရရှိပါသည်။ အမေရိကန်နိုင်ငံ ပြည်ပဆက်ဆံရေးသံအမတ်များ၊ ချစ်ကြည်ရေးကိုလိုလားသူများ၏ ချီးမွမ်းခြင်းကို ခံရပါသည်။

သုတေသနအသင်း တည်ပြီးသည့် ၁၁ နှစ်တာ အချိန်ကာလအတွင်းတွင် အမေရိကန်နိုင်ငံ အစိုးရဌာနများနှင့် ပြည်သူ့အသင်းများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပေါင်းကူးတံတားကို ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အပိုင်းကဏ္ဍများတွင် လုပ်ငန်းများစွာကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ Claire Lee Chennault နှင့် Flying Tiger အသင်းသားများ၏ ပုံပြင်နှင့် စိတ်ဓာတ်များကို တစ်နိုင်ငံလုံးအတွင်းတွင် ပထမဦးစွာ ကြော်ငြာပေးခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ဒုတိယကမ္ဘာစစ်နှင့် ဂျပန်ဖက်ဆစ်တော်လှန်ရေးစစ် နှစ်(၇၀)နှစ်ပတ်လည် အကြီးစားအစီအစဉ်ကို ကျင်းပခဲ့ပါသည်။ အမေရိကန်နိုင်ငံ မြို့ကြီးခြောက်မြို့တွင် Claire Lee Chennault နှင့် Flying Tiger အသင်းသားများ၏ အကြောင်းများကိုဖော်ပြသော ပြခန်းများကို လှည့်လည်ပြသခဲ့ပါသည်။ တရုတ်နိုင်ငံအတွင်းတွင် Flying Tiger အသင်းသားများအတွက် အမှတ်တရကျောက်တိုင်ကို ပထမဦးဆုံး တည်ဆောက်ခဲ့ပါသည်။ ပြည်တွင်းပြည်ပနှင့် ပြည်နယ်အသီးသီးတွင် Flying Tiger အသင်းသားများအကြောင်းကို ဖော်ပြသော ပြခန်းနှင့် ဂျပန်ဖက်ဆစ်ကျူးကျော်သူများ၏ အပြစ်များကိုဖော်ပြသော ပြခန်းများကို ဖွင့်လှစ်ပြသခဲ့ပါသည်။ ပြပွဲသို့လာရောက်ကြည့်ရှုသော လူဦးရေသည် သုံးသိန်းကျော်ရှိပါသည်။ ကူမင်း Flying Tiger မူလတန်းကျောင်းကို ဆိုင်းဘုတ်တင်ပြီး ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။

ထို့အပြင် သုတေသနအသင်းသည် ယူနန်၏ တောတောင်ရေမြေထဲသို့ ဝင်ရောက်ပြီး တရုတ်နိုင်ငံအတွင်း အကြီးဆုံးသောချိန်ကုန် Flying Tiger Voluntary အသင်း ကျဆုံးခဲ့သော မြေနေရာ၊ ကူမင်း Flying Tiger သင်္ချိုင်းနှင့် Flying Tiger အသင်းလေယာဉ် အစီး ၆၀ ကျော် ပျက်ကျသောနေရာကို တူးဖော်နိုင်ခဲ့ပါသည်။ Flying Tiger အသင်း၊ အဝေးသို့စစ်ချီသော စစ်သည်တော်ဟောင်းများကို ဂုဏ်ပုဒ်များ ပြန်လည်ပေးအပ်ခြင်း၊ တရားမျှတသော ဆက်ဆံမှုခံယူခြင်းနှင့် အလုပ်ရာထူးများကို ပြန်လည်ပေးအပ်နိုင်ခဲ့ပါသည်။ အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံ Flying Tiger အသင်း စစ်သည်ဟောင်းများနှင့် သူတို့တတွေ၏ နောင်လာနောက်သားများအတွက် ဆွေမျိုးများကို ရှာဖွေပေးနိုင်ခဲ့ပါသည်။ သုတေသနပလက်ဖောင်းကို ပိုမိုပြီးပြည့်စုံအောင် တည်ဆောက်နိုင်ခဲ့ပါသည်။ ဝက်ဘ်ဆိုက်၊ ပြတိုက်၊ ဂျာနယ်များကို တည်ထောင်ပြီး အထူးစာစောင်များကို ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။

သုတေသနအသင်းမှ Flying Tiger အသင်းအတွက် သုတေသနပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ကမ္ဘာပေါ်တွင် ထိပ်သီးနေရာတွင်နေပြီး ဆက်လက်လျှောက်လှမ်းနေပါသည်။ အမေရိကန် နိုင်ငံတော်အကြီးအကဲနှင့် ပြည်သူလူထုအကြား နာမည်ကျော် လူပုဂ္ဂိုလ်များ၏ ဂရုစိုက်မှုကို ခံရပါသည်။ တရုတ်နိုင်ငံအခြေစိုက် အမေရိကန်သံအမတ်ကြီးနှင့် ချိန်တူမြို့အခြေစိုက် အမေရိကန်နိုင်ငံ ကောင်စစ်ဝန်ချုပ်တို့သည် သုတေသနအသင်းနှင့် ပြတိုက်သို့ လာရောက်လေ့လာကြပြီး တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံ ချစ်ကြည်ရေးအတွက် သုတေသနအသင်း၏ လုပ်ဆောင်ချက်များကို အကြိမ်ကြိမ် ချီးမွမ်းခဲ့ပါသည်။

သုတေသနအသင်းကို တည်ထောင်သူ ရွှင်ကွမ်စိန်သည် ယူနန်ပြည်နယ် Flying Tiger အသင်း၏ ယဉ်ကျေးမှုသုတေသန ပြုစုခြင်းအတွက် လုပ်ငန်းများစွာကို ဆောင်ရွက်ပေးခဲ့ပါသည်။ ယခု နှစ်(၃၀) အချိန်ကာလအတွင်းတွင် သူသည် အားအင်များစွာစိုက်ထုတ်ပြီး ယူနန်၏ Flying Tiger ယဉ်ကျေးမှုအရင်းအမြစ်အတွက် သုတေသနပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ယူနန် Flying Tiger အသင်းနှင့် ဗိုလ်ချုပ် Claire Lee Chennault အမျိုးသမီးချိန်ရှမ်မေနှင့် သက်ဆိုင်သော စာအုပ်(၂၀)ကျော်ကို ပုံနှိပ်ရိုက်နှိပ်ပြီး ထုတ်ဝေခဲ့ပါသည်။

**သတင်းထောက်– လီဟုန်ဖုန်**

# မြန်မာနိုင်ငံဗဟိုဘဏ်မှ တရုတ်ယွမ်ငွေကို နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများဆောင်ရွက်နိုင်သည့် ငွေကြေးအဖြစ် သတ်မှတ်ခွင့်ပြုလိုက်ခြင်း

မြန်မာနိုင်ငံဗဟိုဘဏ်မှ နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့် ငွေကြေးအမျိုးအစားများတွင် တရုတ်ယွမ်ငွေနှင့် ဂျပန်ယန်းငွေကိုထည့်သွင်းသတ်မှတ်ခွင့်ပြုလိုက်ပါသည်။

ညွှန်ကြားမှုကြေညာစာတွင် မြန်မာနိုင်ငံဗဟိုဘဏ်မှ ထိုကဲ့သို့ ဖော်ပြထားပါသည်။ နိုင်ငံတကာငွေပေးချေမှုစနစ်ကို ပိုမိုဖြစ်ထွန်းစေရန်၊ စာရင်းရှင်းလင်းမှုနှင့် နယ်စပ်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုထွန်းကားလာစေရန်အတွက် တရုတ်ယွမ်ငွေနှင့် ဂျပန်ယန်းငွေကို နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများအတွက် ဆောင်ရွက်ခွင့်ပြုလိုက်ပါသည်။ လတ်တလောအချိန်ကာလအတွင်းတွင် လိုင်စင်ရဘဏ်မှလွဲ၍ အခြားသော ဌာနအဖွဲ့အစည်းများသည် တရုတ်ယွမ်ငွေနှင့် ဂျပန်ယန်းငွေအကောင့်များ ဖွင့်လှစ်ခွင့်မရရှိသေးပေ။

မြန်မာနိုင်ငံ ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ထိုကဲ့သို့ ထုတ်ပြန်ပါသည်။ တရုတ်ယွမ်ငွေကို နိုင်ငံတကာငွေပေးချေမှုငွေကြေးစာရင်းထဲသို့ ထည့်သွင်းပြီးနောက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ကူးသန်းရောင်းဝယ်ရေး ငွေကြေးပေးချေမှုစနစ်နှင့် စာရင်းရှင်းလင်းခြင်း လုပ်ငန်းများကို ပိုမိုအဆင်ပြေချောမွေ့သွားစေမည် ဖြစ်သည်။

ရရှိသောသတင်းအရ မြန်မာနိုင်ငံတွင် ဥရောပ ယူရိုငွေ၊ အမေရိကန်ဒေါ်လာနှင့် စင်ကာပူဒေါ်လာ စသည့်ငွေကြေးများသည် နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့် ငွေကြေးအမျိုးအစားများဖြစ်ကြောင်း သိရှိရပါသည်။

**သတင်းထောက်–ကျွမ်းပေနင်**

ပေါက်ဖော်ချစ်ကြည်ရေး

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း




တရုတ်-မြန်မာ နှစ်နိုင်ငံ ဖလှယ်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ စီးပွားရေးစင်္ကြံ၏မြောက်ပိုင်းစမှတ်နေရာဖြစ်သည်နှင့်အညီ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးလုပ်ငန်းကို လက်တွေ့တွန်းအားတစ်ရပ် ဖြစ်ထွန်းစေပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ကြီး ဝမ်ယီက မြန်မာနိုင်ငံ နေပြည်တော်တွင် ထိုကဲ့သို့ ထုတ်ဖော်ခဲ့ပါသည်။ တရုတ်နိုင်ငံမှ အကြံပြုသော ‘Yပြောင်းပြန်’ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံသည် သုံးထောင့်ဖြင့် ထောက်ပံ့ခြင်း၊ အခြေသုံးခုအပေါ်တွင် ရပ်တည်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုပုံစံ စသည်တို့ကို ဖြစ်ပေါ်စေပါသည်။ ယင်းနှစ် ဒီဇင်ဘာ ၁ ရက်တွင် တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်နှင့် မြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် နှစ်နိုင်ငံ၏ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’အကြံပြုချက်အောက်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံစီးပွားရေးစင်္ကြံ တည်ဆောက်ရေးကို အတူတကွ တည်ဆောက်ရန်အတွက် အရေးပါသောသဘောတူညီချက်များကို ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ကတည်းက တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်မှုသည် ပိုမိုအရှိန်ရလာနေပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် တရုတ်နိုင်ငံ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ ဟော်လီဖုန်နှင့် မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးဝင်းတို့သည် နှစ်နိုင်ငံအစိုးရကို ကိုယ်စားပြုပြီး ‘တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့သည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ခြင်းဆိုင်ရာ နားလည်သဘောတူစာချွန်လွှာ’ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ကော်မတီ၏ ပထမဆုံးအကြိမ် အစည်းအဝေးပွဲကြီးကို ပေကျင်းမြို့တွင်ကျင်းပခဲ့ပါသည်။ တရုတ်-မြန်မာ နှစ်နိုင်ငံသည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အခြေခံအတွေးများ၊ ကော်မတီ၏ လုပ်ငန်းဆောင်တာစနစ်များ၊ ယခင်က ပြီးဆုံးထားသောစီမံကိန်းများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုစီမံကိန်းရေးဆွဲခြင်းနှင့် အကြီးစား အကျိုးတူပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို ပိုမိုဖြစ်ထွန်းစေရန် စသည့်ပြဿနာများကို အသေးစိတ် ဆွေးနွေးတိုင်ပင်ပြီး သဘောတူညီမှုများ ရရှိခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲခြင်း၊ ထုတ်လုပ်မှုစွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ နယ်စပ်စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုဇုန်၊ ဒစ်ဂျစ်တယ်ပိုးလမ်းမကြီး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ သတင်းအချက်အလက်ကဏ္ဍနှင့် အခြားသောဒေသဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှု စသည့် အရေးကြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှု ၁၂ ခုအတွက် စီမံကိန်းပရောဂျက်သီးသန့်အသင်းများကို ဖွဲ့စည်းရန် နှစ်ဦးနှစ်ဖက်မှ သဘောတူညီခဲ့ကြပါသည်။

၂၀၁၈ ခုနှစ် ဧပြီလ ကူမင်းမြို့တွင် ကျင်းပသော ပဉ္စမအကြိမ်မြောက် တရုတ်နိုင်ငံယူနန်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် တရုတ် ယူနန်နှင့် မြန်မာ နှစ်ဦးနှစ်ဖက်သည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် တရုတ်-မြန်မာနယ်စပ် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းများအတွက် အသေးစိတ်ဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ၊ ခရီးသွားကဏ္ဍ၊ သင်ကြားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် လုံခြုံရေး စသည့်အပိုင်းကဏ္ဍများတွင် အပြန်အလှန် အကျိုးအမြတ်ဖြစ်ထွန်းစေခြင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ရရှိရန်အတွက် ဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်များစွာကို ရရှိခဲ့ပါသည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် မြန်မာနိုင်ငံ၏ အားပေးထောက်ပံ့မှုများကို ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံမီဒီယာများမှ ထုတ်ပြန်သောသတင်းအရ ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးဆောင်သောအဖွဲ့သည် ဟောင်ကောင်တွင် ကျင်းပသော တတိယအကြိမ်မြောက် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ထိပ်သီးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး တစ်ကမ္ဘာလုံး နယ်ပယ်သို့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကြီးစားစီမံကိန်းငါးရပ်ကို မိတ်ဆက်ပေးခဲ့ပါသည်။ ရန်ကုန်မြို့သစ်၊ ရန်ကုန်-ရောဝတီ စီမံကိန်းနှင့် ပဲခူးစက်မှုဇုန်၊ မန္တလေးမြို့သစ် အပန်းဖြေစခန်း၊ မန္တလေးမြို့သာ စက်မှုဇုန်၊ မူဆယ်ဗဟိုစီးပွားရေးဇုန် စသည့် စီမံကိန်းများ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံသမ္မတရုံးမှ ထုတ်ပြန်သောကြေညာချက်အရ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ညွှန်ကြားရေးကော်မတီ ဖွဲ့စည်းပြီးကြောင်း ကြေညာခဲ့ပါသည်။ အဆိုပါကော်မတီ၏ဥက္ကဋ္ဌရာထူးကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တာဝန်ယူထားပါသည်။ မြန်မာနိုင်ငံဘက်မှ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’တည်ဆောက်ရေးကို အားတက်စွာ ပါဝင်သွားမည်ဖြစ်သည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ခြင်းကို အတူတကွ တွန်းပို့ပေးသွားမည်ဖြစ်သည်။ ကဏ္ဍအသီးသီး၏ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို ပိုမိုဖြစ်ထွန်းသွားစေမည်။ တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာ အကျိုးတူပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဖြစ်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကိုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု မြန်မာနိုင်ငံ၏သဘောထားများကို ထုတ်ဖော်ခဲ့ပါသည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေး သဘောတူညီမှုများစွာ ရရှိနေပါသည်။ သက်ဆိုင်ရာစီမံကိန်းများ၏ လုပ်ငန်းဆောင်တာများ အရှိန်အဟုန်ဖြင့် တွန်းဆော်နေကြသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် တရုတ်-မြန်မာ မူဆယ်-မန္တလေး ရထားလမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ခြင်း၊ သုတေသနပြုစုခြင်း နားလည်သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးမှုအခမ်းအနားကို မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ ယခုနှစ် နှစ်ဆန်းပိုင်းအချိန်တွင် မူဆယ်-မန္တလေး ရထားလမ်းမြေနေရာ ကွင်းဆင်းလေ့လာတိုင်းတာခြင်းကို စတင်ဆောင်ရွက်နေပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် တာ့လီ-ရွှေလီရထားလမ်း နုကျမ်း လမ်းကြောင်းလေးကြောင်း အကြီးစားတံတား သံကြိုးနှင့်ကိုယ်ထည် ပေါင်းစပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းသည် ယခုလက်ရှိကမ္ဘာပေါ်တွင်အရှည်ဆုံးသော အခုံးပုံတံတားရထားလမ်းဖြစ်ပါသည်။ တာ့လီ-ရွှေလီ ရထားလမ်းကြီး လျင်မြန်စွာပြီးဆုံးနိုင်ရန် မီးရထားသွားလာနိုင်ရန်အတွက် အခြေအနေတစ်ရပ်ကို ဖန်တီးပေးနိုင်ခဲ့ပါသည်။


၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်ရေးမူကြမ်း သဘောတူညီချက်စာချုပ်ကို မြန်မာနိုင်ငံ နေပြည်တော်တွင် တရားဝင် ချုပ်ဆိုခဲ့ပါသည်။ ၎င်းသည် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းအတွက် လက်တွေ့အောင်မြင်မှုများ ရရှိနေသည်ကိုဖော်ပြနေပါသည်။ အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားပေးထောက်ပံ့မှုအင်အားတစ်ရပ် ဖြစ်စေပါသည်။ တရုတ်-မြန်မာ ပြည်တွင်းပြည်ပ ကုန်သွယ်စီးဆင်းမှု၊ ထုတ်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးနှင့် စီးပွားရေးဖလှယ်ခြင်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများရရှိရေးအတွက်လည်း အရေးပါလှပေသည်။

တရုတ်-မြန်မာနယ်စပ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းသည် အရှိန်အဟုန်လျင်မြန်လာသော အချိန်အပိုင်းအခြားတစ်ခုသို့ ရောက်ရှိလာပါသည်။ ၂၀၁၇ ခုနှစ် မေလတွင် တရုတ်-မြန်မာ နှစ်နိုင်ငံသည် ‘တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စီးပွားရေးဝန်ကြီးဌာနတို့မှ တရုတ်-မြန်မာနယ်စပ် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရန်အတွက် နားလည်သဘောတူမှုစာချွန်လွှာ’ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

တယ်ဟုန်တိုင်(ရှမ်း)တိုင်းရင်းသား ဂျိမ်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲတွင် ကျယ်ကောက် နယ်ခြားအိလက်ထရွန်းနစ် အထူးကျေးလက်ဒေသတည်ဆောက်ခြင်း၊ မြန်မာနိုင်ငံ မူဆယ်ဗဟိုစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ နယ်ခြားစက်မှုဇုန် စီမံကိန်းများကို ကြားခံနယ်အဖြစ်ထားရှိပြီး တရုတ်-မြန်မာနယ်စပ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ခြင်းနှင့် နံ့တောင်မှ ဗန်းမော်၊ မူဆယ်မှ မန္တလေးအထိ တိုးချဲ့တည်ဆောက်ခြင်း စသည့် အရေးကြီးသော လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းတည်ဆောက်မှုလုပ်ငန်းကို စတင်နေပြီဖြစ်သည်။

ပေါင်စန်မြို့မှ အကြံပြုပြီး ဦးစီးဆောင်ရွက်နေပါသော ‘Yပြောင်းပြန်’ တရုတ်-မြန်မာစီးပွားရေးစင်္ကြံပေါ်တွင်ရှိသော ‘တစ်လိုင်းနှစ်ဇုန်’(‘တစ်လိုင်း’သည် တောင်ပိုင်းပိုးလမ်းမလမ်းကြောင်းတစ်လျှောက်ကို ဆိုလိုပါသည်။ ‘နှစ်ဇုန်’သည် ပြည်တွင်း ပေါင်စန်စက်မှုဇုန်အသီးသီးမှ ထုတ်လုပ်ရေးစက်မှုဇုန်များနှင့် မြန်မာနိုင်ငံ ထုတ်လုပ်ရေးစက်မှုဇုန်မှ စီးပွားရေးတံခါးဖွင့်လှစ်ခြင်း အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ဆိုလိုပါသည်။) ယခုအချိန်တွင် တချို့လုပ်ငန်းများ အောင်မြင်မှုစတင်ရရှိနေပါသည်။

ပြည်တွင်းတွင် လမ်းမကြီးများနှင့် ‘ဇုန်ထဲမှဇုန်များ’ တည်ဆောက်ရေးလုပ်ငန်းများကို အားစိုက်ဆောင်ရွက်နေကြပါသည်။ ပြည်ပတွင် ပေါင်စန်စက်မှုလက်မှု ကူးသန်းရောင်းဝယ်ရေးဇုန်မှ ဦးဆောင်ပြီး မြန်မာနိုင်ငံ ဒုတိယအကြီးဆုံးမြို့တော် မန္တလေးမြို့တွင် ပေါင်စန်-မန္တလေးမြို့သာ စီးပွားရေးကူးသန်းရောင်းဝယ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုဇုန်ကို အားစိုက်ဆောင်ရွက်လျက် ရှိနေပါသည်။ ပေါင်စန်ထိန်ချုံးနယ်စပ် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်မှုဇုန်မှ ဦးဆောင်ပြီး မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားတွင် ပေါင်စန်-မြစ်ကြီးနား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဇုန်ကိုလည်း အားစိုက်ဆောင်ရွက်နေလျက် ရှိနေပါသည်။




**သတင်းထောက်–**
**လျို့ကျီယူ၊ ဟန်ရှိန်ယွမ်**